ကျွန်းရွာသစ်ကျေးရွာ

မုံရွာမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံချက် (၂၀၁၈)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျွန်းရွာသစ်ကျေးရွာ၊ မုံရွာမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ

မာတိကာ

မာတိကာ ၁

စကားချီး ၃

ကျွန်းရွာသစ်ကျေးရွာသယံဇာတပြန်လည်ပြုပြင်ခြင်းဒဿဒိန်၊ မုံရွာမြို့နယ် ၅

(၁)နိဒါန်း ၆

(၁.၁) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(၁.၂) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၈

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏လက်ရှိ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေများ၊
အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၆
(က) ဖွံ့ဖြိုးရေးအတွက် အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ
(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု
(၆) ဦးစားပေးဆောင်ရွက်ရမည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ၁၈
- ဦးစားပေးစီမံချက်များ
- အကောင်အထည်ဖော်မည့်နှစ်အလိုက်ဦးစားပေးစီမံချက်များ

နောက်ဆက်တွဲ(၁)
ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုအခြေပြဇယားများ

နောက်ဆက်တွဲ(၂)
ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား
စီမံချက်အဆိုပြုလွှာ
ကော်မတီဝင်များစာရင်း(သို့)စီမံချက်အကြောင်းအရာ

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၈ခု ဘဏ္ဍာရေးနှစ်အတွင်း ကျွန်ုပ်တို့ ကျွန်းရွာသစ် ကျေးရွာအုပ်စု၊ ကျွန်းရွာသစ်ကျေးရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်မည့်ကျေးရွာ၏ ပထမဦး ဆုံးသော ကျေးရွာမှလူထုကိုယ်တိုင် ပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ် များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများ ကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက် ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်း ပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့ တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီး

ဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏာန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏာန်း အချက်အလက်ရရှိနိုင်သော နေရာများမှ လည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏာန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်းကိုလည်း ကောင်းစွာ သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏာန်း အချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင် အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက် နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေ ၃ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေး ဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင် မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်း အစီအစဉ် တို့ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက် နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်းအရာ များဖြစ်ပြီး အဆိုပြု စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

စက်တင်ဘာလ ၂၀၁၈။


ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

ကျွန်းရွာသစ်ကျေးရွာ

ကျွန်းရွာသစ်ကျေးရွာအုပ်စု

မုံရွာမြို့နယ်

ကျွန်းရွာသစ်ကျေးရွာ သယံဇာတ[illegible]ကို ရာသီခွင်ပြပြကွဒိန်၊ **မုံရွာ**မြို့နယ်





အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာ နှင့် လုပ်ငန်းအစီအစဉ်

၁ နိဒါန်း

၁.၁ ရည်ရွယ်ချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသောကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေး ဆိုင်ရာကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြ ပါသည်။ ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများ စသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်ထည် ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလ အပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာ အနေနှင့်ဆောင်ရွက်မည့် နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့ အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်

ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိ စေရန်မျှော်လင့်ပါသည်။

နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု

ကျွန်ုပ်တို့၏ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကိုမြို့နယ်အဆင့်၊ ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏ စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအားပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များအတွက် သတင်းအချက်အလက်များပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက် များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမို

ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

၁.၂ စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျန့်ပ်တို့ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေး စီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါ သည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နှ__စ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ် ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ် ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သောအရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

၂။ ပထဝီအနေအထားနှင့် သဘာဝသယံဇာတအရင်းအမြစ်များ

(က)တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

ကျွန်းရွာသစ်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာခရိုင်၊ မုံရွာမြို့နယ်၏ အနောက်တောင်ဘက် ၇ မိုင် ခန့်အကွာတွင် တည်ရှိသည်။ ကျေးရွာသည် ချင်းတွင်းမြစ်ဘေးတွင် တည်ရှိပြီး စိုက်ပျိုးရေးလုပ်ငန်းကို အဓိကအသက်မွေးဝမ်းကျောင်း လုပ်ငန်းများလုပ်ကိုင်ကြပါသည်။ လမ်းပန်း

ဆက်သွယ်ရေးတွင် ကားလမ်းကိုသာအသုံးပြုကြသည်။ တစ်နှစ်ပျမ်းမျှမိုးရေချိန်မှာ လက်မ ၄၀ မှ ၆၀ ကြားရွာသွန်း လေ့ရှိသဖြင့် စိုက်ပျိုးရေးလုပ်ငန်း အတွက် သင့်တော်သော အခြေနေဖြစ်သည်။

(ခ) သဘာဝအရင်းအမြစ်

လယ်မြေနှင့် ယာမြေအသင့်အတင့်ရှိကြပြီး ကျွန်းမြေများဖြစ်သည့်အတွက် မြေဆီဩဇာ အသင့်အတင့် ရှိပါသည်။ နှစ်စဉ်မြစ်ရေတတ်ချိန်တွင် ကျွန်းများထဲတွင် မြစ်ရေများဝင်ရောက်ပြီး ရေကျချိန်တွင် နှုံးများကျန်ခဲ့ကာ မြေဆီဩဇာကောင်းမွန်လှပါသည်။ အစိုဓါတ်ရရှိခြင်း နှုံးမြေများ ကောင်းမွန်သောကြောင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပါသည်။ ပန်းပင်များ၊ ငရုတ်ပင်၊ မြေပဲ၊ ပဲတီစိမ်း၊ ကုလားပဲ၊ CP ပြောင်းများကို စိုက်ပျိုးကြပါသည်။

၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအ

(က)လူဦးရေဆိုင်ရာအချက်အလက်များ

ကျွန်းရွာသစ်ကျေးရွာတွင် အိမ်ထောင်စုပေါင်း (၂၂၂)စု နှင့် ကျား(၅၀၃)၊ မ(၅၀၁)ဦးဖြင့် လူဦးရေ ပေါင်း(၁၀၀၄)ဦး ရှိပါသည်။ တစ်အိမ်ထောင်ရှိ ပျမ်းမျှလူဦးရေသည် (၄)ဦးနှုန်းခန့် ရှိသည်။ ကျေးရွာတွင် ဗမာအများစုနေထိုင်ကြပြီး ဗုဒ္ဓဘာသာ ကိုးကွယ်ကြသည်။ ကျေးရွာတွင် စုစုပေါင်း လူဦးရေ၏(၈၅%)သည် အလုပ်လုပ်နိုင်သော လူဦးရေဖြစ်ပြီး၊ မှီခိုသူလူဦးရေသည် (၁၅%) ရှိပါသည်။ အလုပ်လုပ်နိုင်သောအရွယ်ရှိ အမျိုးသားဦးရေထက် အမျိုးသမီးဦးရေသည် အနည်းငယ် ခန့်ပိုများသည်။

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

စိုက်ပျိုးရေးလုပ်ငန်းသည် ကျေးရွာ၏ အဓိကဝင်ငွေရလုပ်ငန်းဖြစ်ပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများ၏ ကိုယ်တိုင်ဆန်းစစ် အကဲဖြတ်သော ဥစ္စာဓနခွဲခြားမှုနည်းလမ်းအရ ဆင်းရဲချမ်းသာအဆင့် သတ်မှတ်မှုတွင် အိမ်ထောင်စုအားလုံး၏ (၆၀%)သည် ဆင်းရဲသော အိမ်ထောင်စု အဆင့်နှင့် (၅%) သည် အလွန်ဆင်းရဲသောအိမ်ထောင်စု အဆင့်အဖြစ် ခံယူကြပြီး (၁၀%)သည် ချမ်းသာသည့်အဆင့်၊ (၂၅%) သည် အလယ်အလတ်အိမ်ထောင်စု အဆင့်ရှိကြသည်ဟု ခံယူကြ သည်။ အလွန်မပြေလည်သော အိမ်ထောင်စု နည်းပါးကြောင်း တွေ့ရှိရပါသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်လွယ်မှု

ကျွန်းရွာသစ်ကျေးရွာ၏ ဥစ္စာကြွယ်ဝမှုအဆင့် "၃" အိမ်ထောင်စုများ၏ (၆၀%) နှင့် အဆင့်"၄" အိမ်ထောင်စုများ၏ (၅%) ကို ဝမ်းစာဖူလုံမှုနှင့်အကြွေးတင်ရှိမှု စစ်တမ်းကောက်ယူမှု အရ "၃" နှင့် "၄"အိမ်ထောင်စု စုစုပေါင်းအနက်မှ စံအဖြစ်ကောက်ယူ လေ့လာထားသော အိမ်ထောင်စု(၁၅)စု လုံးသည် ဝမ်းစာမှုဖူလုံမှုရှိကြောင်းတွေ့ရသည်။ ယာများတွင် ကုလားပဲတို့ကို စိုက်ချိန်နှင့် ရိတ်သိမ်းချိန်များတွင် နေ့စားအငှားလိုက်ခြင်း၊ ဆောက်လုပ်ရေး လက်သမားလုပ်ငန်း များ လုပ်ကိုင်ကာ ဝမ်းစာအတွက် ဖူလုံမှုရှိသည်ဟု ဆိုကြသည်။ ဝမ်းစာဖူလုံမှုမရှိသော အိမ်ထောင်စု များသည် ပြင်ပြအဖွဲ့အစည်း များမှ ချေးငွေများ ချေးယူခြင်းဖြင့် ဖြေရှင်းလေ့ရှိကြောင်း သိရပါ သည်။ တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြကာ စိုက်ခင်းများတွင် နေ့စားအလုပ်လုပ် ခြင်းဖြင့် စားဝတ်နေရေး ဖြေရှင်းကြသည်ဟု သိရပါသည်။ ယခုအခါတွင် မြေပဲကို အဓိကထား စိုက်ပျိုးကြပါသည်။ ၉

(ဃ) ကျန်းမာရေးနှင့် အာဟာရ

ကျွန်းရွာသစ်ကျေးရွာတွင် ကျေးရွာသူ/သားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြသည်။ ကလေးငယ်အများစုမှာလည်း ကျန်းမာရေး အသင့်အတင့် ကောင်းမွန်ကြသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုးရောဂါ အဖြစ်များပါသည်။ ဝမ်းပျက်ဝမ်းလျော၊ ငှက်ဖျား၊ အာဟာရချို့တဲ့မှုရောဂါများလည်း ရံဖန်ရံခါ ဖြစ်ပွားမှုရှိပါသည်။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်း တို့သည်လည်း တစ်ကိုယ်ရည် သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာများ အားနည်းကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေး စောင့်ရှောက်မှုများကို ကျေးရွာနှင့် (၂) မိုင်အကွာရှိ ညောင်ဖြူပင်ကျေးရွာ တိုက်နယ်ဆေးရုံ၊ မုံရွာပြည်သူ့ဆေးရုံ၊ ဆေးခန်းနှင့် ဆေးဆိုင်များမှ ရရှိပါသည်။ အများအားဖြင့် ကျေးရွာမှ လူများသည် မုံရွာမြို့၌ရှိသော မုံရွာပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံနှင့် ဆေးခန်းများသို့ ကျန်းမာရေး စောင့်ရှောက်ခြင်းများ ရရှိပါသည်။

ကျေးရွာတွင် ချင်းတွင်းမြစ်ဘေးတွင်တည်ရှိသည့်အတွက် သောက်သုံးရေဖူလုံစွာရရှိပါသည်။ ကျေးရွာရှိ အိမ်ထောင်စုတိုင်းသည် အဝီစိတွင်းများရှိပါသည်။

(c) ပညာရေးနှင့် ကျွမ်းကျင်မှုများ

ကျေးရွာတွင် စာမတတ်သူဦးရေ (၈၆) ယောက်ရှိသော်လည်း အနည်းငယ် ရေးတတ် ဖတ်တတ်ကြကြောင်း တွေ့ရှိရပါသည်။ မူလတန်းအဆင့်ပြီးမြောက်သူများပြားပါးသည်။ ကျေးရွာတွင် တက္ကသိုလ်တက်ရောက်သူ အလွန်နည်းပါသည်။ ကျေးရွာတွင် အလယ်တန်းနှင့် အထက်တန်း ပညာရေးကို ၄င်းကျေးရွာအနီးရှိ နဂါးတွင်းကျေးရွာမှ အထက်တန်းကျောင်းသို့ တက်ရောက် သင်ကြားနိုင်သော်လည်း မူလတန်း၊ အလယ်တန်း၊ တက်ရောက်သူများပြားပြီး အထက်တန်း အဆင့်တက်ရောက် ပညာသင်ကြားသူ အလွန်နည်းပါသည်။ စာသင်ကျောင်းတွင် ကျောင်းဆောင်နှင့် ကျောင်းသုံးပရိဘောဂများ လုံလောက်မှုမရှိပါ။ သို့သော် ကျန်းမာရေးအတွက် ကျောင်းအိမ်သာများကို စနစ်တကျဆောက်လုပ်ပေးထားကြောင်း တွေ့ရှိရပါသည်။

(စ) ကျား-မရေးရာ

ကျွန်းရွာသစ်ကျေးရွာတွင် ကျားမ ၁၀ ဆက်နွယ်မှုအနေအထားမှာ လွတ်လပ်မှုရှိသည်။ ကျားမ ဆိုင်ရာတာဝန်ယူမှု အပိုင်းတွင်လည်း ကျေးရွာလူမှုအဖွဲ့အစည်း၏စံနှုန်းများအရ ကောင်းစွာ သတ်မှတ် ထားကြသည်။ ကျေးရွာတွင် ကျားနှင့်မအကြား ပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့် ခွဲခြားဆက်ဆံခြင်း ကိစ္စများမတွေ့ရပါ။

ကျေးရွာတွင် ရှေးရိုးထုံးတမ်းကိုစွဲကိုင်လျက်ရှိပြီး အများအားဖြင့် အမျိုးသားများက ဦးဆောင်လျက်ရှိသည်။ ကျေးရွာ၏ လူဦးရေဆိုင်ရာ အချက်အလက်များအရ အမျိုးသားအရေ အတွက်သည် အမျိုးသမီးလူဦးရေထက် အနည်းငယ် နည်းကြောင်းတွေ့ရသည်။ သာမန်အားဖြင့် ပညာရေးနှင့် အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာရရှိသည်ဟု ယေဘုယျပြောနိုင်ပါသည်။ ကျေးရွာတွင် နေ့ထွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။ အုပ်ချုပ်ရေး

အဖွဲ့အစည်းများတွင်မူ အမျိုးသမီးပါဝင်မှုမှာ အလွန်လျော့နည်းလျက်ရှိသည်။ ကျား – မ တန်းတူညီမျှမှုနှင့် ပါတ်သက်၍ အသိပညာပေးခြင်းများ မြင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား–မ တန်းတူညီမျှမှု၊ ဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ ဖြစ်လာနိုင်ပါသည်။ ကျေးရွာ ရပ်ရေးရွာရေး လုပ်အားပေးကိစ္စများတွင် အမျိုးသမီးများမှာ တက်ကြွစွာ ပါဝင်လုပ်ဆောင်ကြောင်း တွေ့ရပါသည်။

၄။ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့ ဖွဲ့စည်းထားရှိပါသည်။ ထိုအဖွဲ့သည် ကျားမဦးရေ တန်းတူပါဝင်၍ တက်ကြွစွာပါဝင်ဆောင်ရွက်ကြပါသည်။ ကျေးရွာတွင် ဝေယျာဝစ္စအဖွဲ့၊ အရံမီးသတ်၊ ဂေါပကအဖွဲ့၊ ဝတ်ရွတ်အသင်း၊ ကျောင်းကော်မတီ၊ ရေဆိုးမြောင်းကော်မတီနှင့် ကြက်ခြေနီအဖွဲ့များ ရှိပါသည်။ ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် မိန်းကလေးများ ပါဝင်လုပ်ဆောင်မှု နည်းပါးပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင် မြေပဲ၊ CPပြောင်း တို့ကိုအဓိကထား စိုက်ပျိုးကြပါသည်။ လယ်မြေဧက (၅.၈၀)ဧက၊ ယာစိုက်ဧက (၂၂၀.၃၄) ဧက၊ ကိုင်းကျွန်းမြေ (၁၈၂.၆၈) ဧက၊ ဥယာဉ်ခြံမြေ (၃.၉၅)ဧက ရှိပါသည်။ ယာခင်း၏ မြေပဲတစ်ဧက ပျမ်းမျှအထွက်နှုန်းမှာ ရာသီဥတုကောင်းလျှင် (၆၀) တင်း ထွက်ရှိပြီး CP ပြောင်း တစ်ဧကပျမ်းမျှ အထွက်နှုန်းမှာ (၈၀) တင်း ထွက်ရှိပါသည်။ သီးနှံများရိတ်သိမ်းပြီးချိန်များတွင် ကုလားနှိုးမျိုးစုံ၊ ငရုပ်နှင့် အခြားသီးနှံများကို နေ့စဉ်ဝင်ငွေအဖြစ် စိုက်ပျိုးကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်းများအား တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြခြင်းပြီး သီးနှံများကို မုံရွာမြို့ရှိဈေးများသို့ ဖောက်သည်သွင်းကြပါသည်။ တစ်ချို့အိမ်ထောင်စုများသည် ကိုယ်တိုင်ဈေးရောင်းကြပါသည်။ တောင်သူအများစုသည် စိုက်ပျိုးရေးလုပ်ငန်းတွင် မိရိုးဖလာနည်းလမ်းကိုသာ အများဆုံးအသုံးပြုကြသည်။

ကျေးရွာတွင် စိုက်ပျိုးရေးသည် သီးနှံများဖျက်ပိုးများကျရောက်သဖြင့် သီးနှံစျေးကွက်များ မကောင်းခြင်းကြောင့် တောင်သူများ ဝင်ငွေနည်းပါးကြသည်။ ဓါတုပိုးသတ်ဆေး ဓါတ်မြေဩဇာနှင့် အခြားဓါတုဗေဒဆေးများ လွယ်ကူစွာဝယ်ယူရရှိနိုင်သော်လည်း စျေးကြီးပေး၍ ဝယ်ယူကြရသောကြောင့် အခက်အခဲများ ရှိပါသည်။ ထို့နောက် လယ်ယာသုံးစက်ပစ္စည်းများ အလွန်နည်းပါး၍ ငှားရမ်းသုံးစွဲခများ အဆမတန်စျေးကြီးသောကြောင့် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်ရာတွင် အမြတ်အစွန်း အနည်းငယ်သာ ရရှိကြောင်း တွေ့ရှိရပါသည်။

ကျေးရွာ ဆိတ်မွေးမြူရေးလုပ်ကိုင်သူ (၁) အိမ်ထောင်စုသာ ရှိပါသည်။ ကြက်၊ သိုး၊ ဝက်များကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် အိမ်ထောင်စုအများစုသည် ခိုင်းနွားများကို မွေးမြူကြပါသည်။ ငါးမွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန် အတွက် ရေရှားပါခြင်း၊ သဘာဝမြေအနေအထား အဆင်မပြေသောကြောင့် စီးပွားဖြစ် ငါးမွေးမြူရေးလုပ်ငန်းများ မရှိပါ။

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကလုပ်ကိုင်ကြပါသည်။ သီးနှံအထွက်နှုန်း များသော်လည်း သီးနှံစျေးကွက် မကောင်းခြင်းကြောင့် ကျေးရွာတွင် ဝင်ငွေနည်းပါးကာ ဝမ်းစာအတွက် စားလောက်ရုံသာ ဖူလုံပါသည်။ ပန်းရံ၊ အလုပ်သမားလုပ်ခြင်းနှင့် ကြုံရာကြပန်းအလုပ်များတွင် နေ့စားအလုပ်လုပ်ကိုင်ခြင်းကြောင့် ဝင်ငွေရရှိပါသည်။ အိမ်တွင်ကုန်စုံဆိုင်ဖွင့်၍ စျေးရောင်းသော အိမ်ထောင်စုများလည်း ရှိပါသည်။

ကျေးရွာတွင် အလုပ်လုပ်နိုင်သောဦးရေမှာစုစုပေါင်းလူဦးရေ၏ထက်ဝက်ခန့်ရှိကာ ကျေးရွာ၏ အလားအလာ ကောင်းတစ်ရပ်ဖြစ်သည်။ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းများဖြစ်သော အပ်ချုပ်စက်၊ ခြင်းရက်သင်တန်း၊ လူသုံးကုန်ထုတ်လုပ်နည်းသင်တန်း၊ အလှပြင် အခြေခံသင်တန်း၊ အခြေခံ ဝါးလက်မှု၊ ၁၂ ပန်းရံလက်သမားလုပ်ငန်း၊ ယက္ကန်းရက်သင်တန်းများအား ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနသို့ တက်ရောက်နိုင်ပါသည်။ YMCA အဖွဲ့အစည်းမှ ဖွင့်လှစ်သင်ကြားပေးသော စက်ချုပ်သင်တန်းနှင့် အလှပြင်သင်တန်း ကို ကျေးရွာမှ

(၇) ဦး တက်ရောက်ခဲ့ရာ (၂) ဦးသည် လက်ရှိ လုပ်ကိုင်လျက်ရှိပါသည်။ အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက်ခြင်းဖြင့် ကျေးရွာ၏ အလုပ်အကိုင်အခွင့်အလမ်းကို အထောက်အကူပြု စေမည်ဖြစ်ပါသည်။

(ဃ)သဘာဝပါတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျွန်းရွာသစ်ကျေးရွာတွင် တောင်သူများသည် ခါတုပိုးသတ်ဆေးနှင့် ခါတုမြေဩဇာသုံးစွဲမှု မှာ နည်းစနစ်ကျစွာ သုံးစွဲခြင်းများမရှိပါ။ စွန့်ပစ် ပစ္စည်းစီမံခန့်ခွဲမှုတွင် ပလပ်စတစ် အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျ မစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေး လုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။ ကျေးရွာတွင် အမှိုက်များကို စာသင်ကျောင်း၏ မြောက်ဘက် ကျင်းခွက်ထဲတွင် စွန့်ပစ်ကြပါသည်။

(c) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာတွင် စိုက်ဘဏ်နှင့် သမဘဏ်မှ ကာလတိုချေးငွေများ ထုတ်ချေးပေးပါသည်။ ပြင်ပအဖွဲ့ အစည်းများမှလည်း ချေးငွေများကို ရရှိပါသည်။ ကျေးရွာတွင် ဆွေမျိုးနှင့် ရင်းနှီးသူများ ထံတွင်လည်း အာမခံဖြင့် ချေးယူကြပါသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျွန်းရွာသစ်ကျေးရွာတွင် မူလတန်းကျောင်းတစ်ကျောင်း ရှိပါသည်။ အဆိုပါကျောင်းသည် ကျေးရွာ အတွင်းသာ တည်ရှိသဖြင့် သွားရေးလာရေး အလွန်အဆင်ပြေပါသည်။ ကျေးရွာတွင် ကျောင်းနေအရွယ် ကလေးတိုင်း ကျောင်းတက်ကြပါသည်။ ကျေးရွာတွင် ကျောင်းသားများသည် မူလတန်းနှင့် အလယ်တန်းပညာကိုသာ ပြီးဆုံးအောင်သင်ကြားကြပြီး အထက်တန်းပညာကို ဆက်လက်မတက်ရောက်ဘဲ စိုက်ပျိုးရေးလုပ်ငန်းကိုသာ လုပ်ကိုင်ကြပါသည်။ မူလတန်းအဆင့် ပြီးမြောက်သူများပါသည်။ တက္ကသိုလ် ဝင်တန်းအောင်မြင်ပြီးသူများလည်းရှိပါသည်။ စာသင် ကျောင်းတွင် ကျောင်းသားလူဦးရေများပြားခြင်းကြောင့် စာသင်ခုံမလုံလောက်ခြင်း ကျောင်းဆောင်၊ ပရိဘောဂများ ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများ လုံလောက်မှုမရှိပါ။ ဆင်းရဲသော မိသားစုများသည် ကျောင်းစရိတ်မတက်နိုင် ၁၃ ဦး မူလတန်း အောင်မြင် ပြီးလျှင် ပညာဆက်လက်

မသင်ယူပဲ စားဝတ်နေရေးနှင့် ငွေကြေးအတွက် စိုက်ပျိုးရေးနှင့် ပန်းရံလုပ်ငန်းများတွင် အငှား လိုက်ခြင်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။ တက္ကသိုလ် ကျောင်းဆက်တက်သော ကျောင်းသား အလွန်နည်းပါး ပါသည်။ ဘွဲ့ရသော လူဦးရေ အနည်းငယ်သာရှိပါသည်။

ကျေးရွာအတွင်းတွင် ကျေးလက်ဆေးပေးခန်း တည်ရှိပါသည်။ ကျေးလက်ဆေးပေးခန်း ရှိသော်လည်း ဆေးကုသရန် ကျန်းမာရေးဆရာ/ဆရာမများ မရှိပါ။ ကျေးရွာတွင် သွေးတိုးနှင့် ခါးနာ အများဆုံး ဖြစ်ကြပါသည်။ ကိုယ်ဝန်ဆောင်နှင့် ကလေးများအား ကာကွယ်ဆေးကို နဂါးတွင်း ကျေးရွာ ကျေးလက်ကျန်းမာရေးဆရာမများမှ လာရောက်ထိုးပေးပါသည်။ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသည်နှင့်အမျှ ကျေးရွာတွင် ရောဂါဖြစ်ပါက ဆေးကုသမှုခံယူရန် မုံရွာမြို့ရှိ ပြည်သူ့ ဆေးရုံကြီးသို့ သွားရောက်ကုသ ကြပါသည်။ ရွာသူရွာသားများအတွက် ကျန်းမာရေးဝန်ဆောင်မှု များကို နဂါးတွင်းကျေးရွာ ကျန်းမာရေးဌာန၊ မုံရွာမြို့နယ် ပြည်သူ့ဆေးရုံနှင့် ဆေးခန်းများမှ ရရှိပါ သည်။

ကျေးရွာတွင် အိမ်ထောင်စုတိုင်း အဝိစိတွင်းများရှိသောကြောင့် သောက်သုံးရေ ဖူလုံစွာ ရရှိပါ သည်။ ချင်းတွင်းမြစ်နီးတွင် ရှိသောကြောင့် ရေထွက်ကောင်းကာ ရေချိုပါသည်။ တွင်း/ဧလား အိမ်သာများကို အသုံးပြုကြပါသည်။ ယင်လုံအိမ်သာ သုံးစွဲမှု နည်းပါးပါသည်။ အိမ်သာ မရှိသူများ သည် အိမ်ဝင်းတစ်ခုထဲတွင် အိမ်ထောင်စု (၂) စုနေထိုင်၍ အိမ်သာတစ်လုံးတည်းကိုသာ အသုံးပြု ကြပါသည်။

(ဆ)လူငယ်နှင့် ယဉ်ကျေးမှု

ကျွန်းရွာသစ်ကျေးရွာတွင် လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထား သီးသန့် မရှိပေ။ လူငယ်များအကားကစားပြုလုပ်ရန် ဘောလုံးကွင်းလည်း မရှိပါ။ ကျေးရွာတွင် ရိုးရာဓလေ့ဘုရား ပွဲတော်များတွင် ကျေးရွာ လူငယ်များအားလုံးပါဝင်ဆင်နွှဲကြပါသည်။ စာပေနှင့် ယဉ်ကျေးမှုအပိုင်းတွင်လည်း လူငယ်များ ပါဝင်မှုအားကောင်းပါသည်။ သို့သော် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများတွင် လူငယ်များပါဝင် လုပ်ဆောင်မှု အတင့်အသင့်ရှိပါသည်။

(ဇ) အခြေခံ အဆောက်အဦ – လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

ကျွန်းရွာသစ်ကျေးရွာ ရွာအဝင်လမ်းသည် မြေသားလမ်းဖြစ်ကာ နွေရာသီတွင်ဖုန်ထူကာ ဆိုင်ကယ်များသွားလာရခက်ခဲခြင်း၊ မိုးရွာလျှင် လမ်းများမှာ ရွံ့စေးများဖြစ်ကာ သွားလာရခက်ခဲခြင်း၊ ကုန်စည်ကူးသန်းရောင်းဝယ်ရာတွင် ခက်ခဲခြင်းများ ဖြစ်ပါသည်။ ရေပြွန် (၄) ခုရှိပါသည်။ ကျေးရွာတွင် လှေ/သမ္ဘာန်များ ရှိသော်လ ၁၄ ခဲကြောင်းများတွင် အသုံးပြုခြင်းမဟုတ်ပါ။ မိုးရာသီ မြစ်ရေတတ်ချိန်တွင် ရေဝင်ရောက်မှုရှိသည့်အခါ သွားလာရန်အတွက် လှေ/သမ္ဘာန်များ ထားရှိရခြင်း ဖြစ်ပါသည်။

ကျေးရွာတွင် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိပါသည်။ ကျေးရွာအိမ်ထောင်စု၏ တစ်ဝက်ခန့်သာ လျှပ်စစ်မီးသုံးစွဲကြပြီး၊ ကျန်အိမ်ထောင်စုများသည် ဒီဇယ်သုံးအင်ဂျင်၊ ဆိုလာနှင့် အခြားလျှပ်စစ်မီးများကို အသုံးပြုကြပါသည်။ မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှု လုပ်ငန်းများအတွက် လက်လှမ်းမှီ အသုံးပြုနိုင်ကြသည်။ အင်တာနက် အသုံးပြုနိုင်မှုရှိပြီး အခြားသတင်းအချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။ ကျေးရွာရှိ အိမ်ထောင်စုတိုင်း တယ်လီဖုန်းများရှိခြင်းကြောင့် သတင်းဆက်သွယ်ရေးမှာ အလွန်ကောင်းမွန်ကြောင်း တွေ့ရှိရပါသည်။ မြို့နယ်ဌာနများသို့ ဆက်သွယ်ရာတွင် အဓိကအားဖြင့် တယ်လီဖုန်း၊ ကျေးရွာသူကြီး၊ ကျေးရွာစာရေးတို့မှတဆင့် ဆက်သွယ်ကြပါသည်။ ဆက်သွယ်ရေးအတွက် အမ်ပီတီ၊ အမ်အီးစီ၊ တယ်လီနော၊ အော်ဒီဒူး၊ ဖုန်းလိုင်းများကို အသုံးပြုကြပြီး အိမ်ထောင်စုတိုင်း တယ်လီဖုန်း သုံးစွဲလျက်ရှိပါသည်။

(ဈ)တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူလုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကို အသုံးပြုနိုင်ကြပြီး လိုအပ်သော သတင်းအရင်းအမြစ်များအတွက် လိုအပ်သလို ဆက်သွယ်သိရှိနိုင်သည်။ အာမခံစနစ်ကို ချိတ်ဆက် အသုံးပြုနိုင်သော်လည်း ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်သည်ဟု မယူဆခြင်း၊ ဗဟုသုတမရှိခြင်းတို့ကြောင့် ချိတ်ဆက်ဆောင်ရွက်သူမရှိသလောက်ပင် ဖြစ်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ် ကျရောက်လေ့မရှိသဖြင့် သဘာဝဘေးအန္တရာယ် လျော့ပါးရေးအစီအစဉ်

သီးသန့်ရေးဆွဲထားခြင်း မရှိပါ။ ကျေးရွာသား များသည် (၂)မိုင် ခန့်အကွာရှိ ညောင်ဖြူပင် ရဲစခန်းသို့ အလွယ်တကူ ချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွါးခြင်း နည်းပါးသည်။

၅။ ဖွံ့ဖြိုးရေးအတွက် အထောက်ပံ့ဖြစ်စေမည့် အခြေနေကောင်းများ၊ အဟန့်အတားနှင့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးရေး အတွက် အထောက်ပံ့ဖြစ်စေ ၁၅ အခြေနေများ

သဘာဝအရင်းအမြစ်များတွင် ယာမြေများသည် ကိုင်းကျွန်းမြေများဖြစ်သည့်အတွက် မြေဆီဩဇာ အသင့်အတင့် ကောင်းမွန်ပါသည်။ ချင်းတွင်းမြစ်ရေမှ ရေတက်ချိန်တွင် ကျေးရွာတွင်းသို့ ရေများဝင်ရောက်ပါသည်။ မြစ်ရေများဝင်ပြီး ရေကျချိန်တွင် နှုံးများကျန်ခဲ့ကာ စိုက်ပျိုးရန် အတွက် မြေဆီဩဇာများကောင်းမွန်ပြီး အစိုခါတ်ထိန်းသိမ်းကာ သီးနှံများဖြစ်ထွန်းမှု အားကောင်းလာပါသည်။ ရာသီဥတုကောင်းမွန်ပြီး ရာသီပေါ်သီးနှံများ စိုက်ပျိုးဖြစ်ထွန်းနိုင်ပါသည်။ ကျေးရွာတွင် မြေအောက်ရေမှ ရေများရရှိကာ ပန်းမျိုးစုံ၊ ငရုပ်၊ ခရမ်းချဉ်၊ ခရမ်းသီးနှင့် အခြားစားသုံးသော သီးနှံများကို စိုက်ပျိုးကြပါသည်။ ပန်းမျိုးစုံများစိုက်ပျိုးကာ ကျေးရွာတွင်းတွင် ပန်းဒိုင်များလည်း ရှိပါသည်။

ကျေးရွာတွင် မွေးမြူရေးထွက်ကုန်ရောင်းချရန် ဈေးကွက်ကောင်းသည် အထူးသဖြင့် နွား၊ ဆိတ်၊ သိုး၊ ကြက်နှင့်ဝက်ကို တိုးချဲ့မွေးမြူရန်အခွင့်အလမ်းသာသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွါးမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့် ကုန်စည်ကူးသန်းရောင်းဝယ်မှုကို ချောမွေ့စေသည်။ ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့် အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။ ကျေးရွာတွင် အင်တာနက် သုံးစွဲသူ အသင့်အတင့်ရှိပါသည်။

(ခ) အဟန့်အတားနှင့် စိန်ခေါ်မှု

ကျေးရွာရှိ ယာမြေများမှာ မြေဆီလွှာ အသင့်အတင့်ကောင်းမွန်သည်မှအပ အခြားသယံဇာတများ မထွက်ရှိပါ။ လယ်ယာမြေကို ထပ်မံတိုးချဲ့ရန်မှာ မဖြစ်နိုင်သဖြင့် လယ်သမားများ အဖို့ အထွက်နှုန်း တိုးမြင့်အောင် အားစိုက်ရပေမည်။

စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင် မိရိုးဖလာနည်းကိုသာ အသုံးပြုမှုများပြားပြီး သက်ဆိုင်ရာ ဌာနဖြင့် ချိတ်ဆက်မှုနည်းပါးသည်။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် အသေးစားကုန်ထုတ် လုပ်ငန်း များ လုပ်ကိုင်နိုင်ရန် စိုက်ဘဏ်မှ အတိုးနှုန်းသက်သာစွာဖြင့် ချေးငွေရရှိသော်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို နည်းပညာမရှိခြင်းနှင့် နေရာအခက်အခဲကြောင့် တိုးချဲ့လုပ်ကိုင်ရန် ခက်ခဲပါသည်။

ကျွန်းရွာသစ်ကျေးရွာတွင် အိမ်တွင်းမှုထုတ်ကုန်လုပ်ငန်း မရှိသဖြင့် ကျေးရွာတွင် အလုပ် အကိုင်နှင့် ဝင်ငွေ ပုံမှန်ရရှိရေးအတွက် အ၁၆ ၁တ်ရှိနေပါသည်။ အိမ်တွင်းမှု ကုန်ထုတ်လုပ်ငန်း အတွက် ကုန်ကြမ်း၊ အတတ်ပညာ၊ အသိပညာ အထိအတွေ့တို့ အလွန်အားနည်းပါသည်။

၆။ ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် သဘောတူသတ်မှတ်ထားသော ဦစားပေးစီမံချက်များမှာ –

စဉ်	စီမံချက်အမည်	အကဲဖြတ်အမှတ်ပေးသူ(၁)	အ ၁၇ ပေးသူ(၂)	အကဲဖြတ်အမှတ်ပေးသူ(၃)	အကဲဖြတ်အမှတ်ပေးသူ(၃)	အကဲဖြတ်အမှတ်ပေးသူ(၃)	ရမှတ်ပေါင်း	ဦးစားပေးအဆင့်
၁။	**ရေဆိုးထုတ်မြောင်းတည်ဆောက်ခြင်း**	၁၀	၉	၁၀	၁၀	၁၀	၄၉	၁
၂။	ရွာတွင်းလမ်းပြုပြင်ခြင်း	၉	၈	၈	၁၀	၁၀	၄၅	၂
၃။	ဆေးပေးခန်းတည်ဆောက်ခြင်း	၈	၈	၇	၁၀	၈	၄၁	၃
၄။	ကျောင်းအစည်းအဝေးခန်းမဆောင်တည်ဆောက်ခြင်း	၆	၈	၉	၉	၆	၃၈	၄
၅။	စာကြည့်တိုက်တည်ဆောက်ခြင်း	၆	၈	၇	၇	၈	၃၆	၅
၆။	**ကျောင်းစက်ရေတွင်းနှင့်ရေစင်တည်ဆောက်ခြင်း**	၅	၈	၇	၇	၆	၃၃	၆

၇။	**ကျောင်းအုတ်တံတိုင်း ပြုလုပ်ခြင်း**	၆	၅	၇	၇	၆	၃၁	၇

(ခ) အကောင်အထည်ဖော်မည့် အချိန်ကာလ

အောက်ပါဇယားတွင် လုပ်ငန်းစတင်ရန်၊ ပြီးဆုံးရန် ခန့်မှန်းဖော်ပြထားသည့် ဦးစားပေးစီမံချက်များ၏ အချိန်ဇယားကို ဖော်ပြထားပါသည်။ ဤအစီအစဉ်ကို နှစ်အလိုက် လိုအပ်သလို ဖြည့်စွက်ပြင်ဆင်ပြီး နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲရာတွင်လည်း ထည့်သွင်းပေးမည်-

စီမံချက်အမည်	**ဦးစားပေး အဆင့်**	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
ရေဆိုးထုတ်မြောင်း တည်ဆောက်ခြင်း	၁	√				
ရွာတွင်းလမ်း ပြုပြင်ခြင်း	၂		√			
ဆေးပေးခန်း တည်ဆောက်ခြင်း	၃			√		
ကျောင်းအစည်းအဝေး ခန်းမဆောင် တည်ဆောက်ခြင်း	၄				√	
စာကြည့်တိုက် တည်ဆောက်ခြင်း	၅					√
ကျောင်းစက်ရေတွင်းနှင့် ရေစင်တည်ဆောက်ခြင်း	၆					√
ကျောင်းအုတ်တံတိုင်း ပြုလုပ်ခြင်း	၇					√

ကျန်းရွာသစ်ကျေးရွာအုပ်စု၊ ကျန်းရွာသစ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

စဉ်	ပြဿနာ	အကြောင်းအရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းရန်နည်းလမ်းများ	စီမံချက်
၁	လက်ရှိဆောင်ရွက်ဆဲ ရေဆိုးမြောင်းကို ပြီးစီးအောင် ဆက်မလုပ်နိုင်ခြင်း	မြစ်ရေတက်ချိန်တွင် ရွာတွင်း စိမ့်ရေ များ ပြည့်လျှံကာ ကျန်းမာရေးကို ထိခိုက်စေ သောကြောင့် ၄င်းရေများ မြန်ဆန်စွာ ထွက်စေရန် လုပ်ဆောင်လိုခြင်း	နိုင်ငံတော်(သို့) အဖွဲ့အစည်း တစ်ခုခုမှ ထောက်ပံ့မည် ဆိုပါက ကျေးရွာမှ စည်းလုံး ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း	ငွေကြေး အခက်အခဲ ရှိခြင်း	ကိုယ်ထူကိုယ်ထလုပ်ဆောင် ခြင်း၊ ဌာနဆိုင်ရာနှင့် ပူးပေါင်းခြင်း	ရေဆိုးမြောင်း တည်ဆောက်ခြင်း
၂	ကျေးရွာတွင်းလမ်း များ မကောင်းခြင်း	မိုးရာသီတွင် လှည်းမောင်းခြင်း၊ ထွန်စက် များ မောင်းခြင်းကြောင့် ချိုင့်ခွက်များ ဖြစ်ကာ သွားလာရ ခက်ခဲခြင်း၊ ကုန်စည် ကူးသန်း ရောင်းဝယ်ရာတွင် သွားလာရ ခက်ခဲခြင်း	အခြေခံလမ်းကြောင်းရှိခြင်း	ငွေကြေးအခက်အခဲ ရှိခြင်း၊ လမ်းကျဉ်း သော နေရာများတွင် ချဲ့ရန် ခက်ခဲခြင်း	ကိုယ်ထူကိုယ်ထလုပ်ဆောင် ခြင်း၊ ဌာနဆိုင်ရာနှင့် ပူးပေါင်းခြင်း	ကျေးရွာတွင်းလမ်း ဆောင်ရွက်ခြင်း
၃	ဆေးပေးခန်း မရှိခြင်း	ကျန်းမာရေးဆိုင်ရာ အထောက်အပံ့ မရခြင်း	တခြားကျေးရွာမှ အထောက်အပံ့ ရယူနိုင်ခြင်း	ငွေကြေး အခက်အခဲ ရှိခြင်း	မြေအောက်စိမ့်ရေ မထွက်စေရန် ရေဆိုး မြောင်း ပြုပြင်နိုင်မည့် ဌာနဆိုင်ရာနှင့် ချိတ်ဆက်ခြင်း၊ ကျန်းမာရေး အထောက် အပံ့ရရှိရန် ကျန်းမာရေးဌာနနှင့် ချိတ်ဆက်ခြင်း	ဆေးပေးခန်းရှိ အောင် ဆောင်ရွက်ခြင်း
၄	ကျောင်းသား/သူများ အတွက် ပညာရေး တိုးတက်မှု မရှိခြင်း	ကျောင်းစာကြည့်တိုက် မရှိခြင်း	စာကြည့်တိုက်ဆောက်လုပ်ရန် မြေနေရာ ရှိခြင်း	ငွေကြေး အခက်အခဲ ရှိခြင်း	ပညာရေးအထောက်အပံ့ ရရန် ဌာနဆိုင်ရာနှင့် ချိတ်ဆက် ခြင်း	ကျောင်းစာကြည့်တိုက် ရရှိအောင် ဆောင်ရွက် ခြင်း
၅	ကျောင်းအစည်းအဝေး ခန်းမဆောင်မရှိခြင်း	ဆရာဆရာမအတွက် ထမင်းစားရန်နှင့် အနားယူနေထိုင်ရန် နေရာမရှိခြင်း	ကျောင်းဆောက်လုပ်ရန် နေရာရှိခြင်း	ငွေကြေး အခက်အခဲ ရှိခြင်း	ကိုယ်ထူကိုယ်ထလုပ်ဆောင် ခြင်း၊ ဌာနဆိုင်ရာနှင့် ပူးပေါင်းခြင်း	ကျောင်းအစည်းအဝေး ခန်းမဆောင် တည်ဆောက်ခြင်း
၆	စာသင်ကျောင်းတွင် သောက်သုံးရေ လုံလောက်မှုမရှိခြင်း	စာသင်ကျောင်းတွင် ဆရာနှင့် ကျောင်းသားများ သန့်ရှင်းသော သောက်သုံးရေ မရှိခြင်းကြောင့်	ရေထွက်အားကောင်းခြင်း	ငွေကြေး အခက်အခဲ ရှိခြင်း	ကိုယ်ထူကိုယ်ထလုပ်ဆောင် ခြင်း၊ ဌာနဆိုင်ရာနှင့် ပူးပေါင်းခြင်း	စာသင်ကျောင်းတွင် သောက်သုံးရေရရှိအောင် ဆောင်ရွက်ခြင်း
၇	စာသင်ကျောင်းဝင်း လုံခြုံမှု မရှိခြင်း	စာသင်ကျောင်းဝင်းတွင် ခြံခတ်ထားခြင်း မရှိသောကြောင့် နွားများဝင်ရောက်ခြင်း၊ သိုးများ ဆိတ်များဝင်ရောက်ခြင်း	နိုင်ငံတော်(သို့) အဖွဲ့အစည်း တစ်ခုခုမှ ထောက်ပံ့မည် ဆိုပါက ကျေးရွာမှ စည်းလုံး ညီညွတ်စွာ ပူးပေါင်း ဆောင်ရွက်နိုင်ခြင်း	ငွေကြေး အခက်အခဲ ရှိခြင်း	ကိုယ်ထူကိုယ်ထလုပ်ဆောင် ခြင်း၊ ဌာနဆိုင်ရာနှင့် ပူးပေါင်းခြင်း	စာသင်ကျောင်းဝင်း အုတ်တံတိုင်းခတ်ခြင်း

နောက်ဆက်တွဲ

ပုံစံ (၁)

စီမံချက်အဆိုပြုလွှာ (သို့) စီမံချက်အကြောင်းအရာ (Project profile)

ကျေးရွာ	- ကျွန်းရွာသစ်
ကျေးရွာအုပ်စု	- ကျွန်းရွာသစ်
မြို့နယ်	- မုံရွာ
တိုင်းဒေသကြီး / ပြည်နယ်	- စစ်ကိုင်းတိုင်း
စီမံချက်အမည် - ကျောက်ကြီးစီရေဆိုးထုတ်မြောင်းပြုလုပ်ခြင်း (၁၃၅၀'x ၅'x ၂'-၉")	
စီမံချက်ဆောင်ရွက်ရန် လိုအပ်ကြောင်း ရှင်းလင်းဖော်ပြချက် (သို့) လက်ရှိအခြေအနေ- - ချင်းတွင်းမြစ်ဘေးတွင်ကျေးရွာတည်ရှိသောကြောင့် မြစ်ရေများ စိမ့်ဝင်ကာရေများ လမ်းမပေါ်သို့ စီးဆင်းနေခြင်းကြောင့်သွားလာရခက်ခဲပါသည်။ - ဆိုင်ကယ်၊ ကားများ သွားလာရခက်ခဲခြင်း၊ ကုန်စည်ကူးသန်း ရောင်းဝယ်ရာတွင် သွားလာရခက်ခဲခြင်းနှင့် ကျေးရွာတွင်းရှိသော ကျောင်းသားကလေးငယ်များ ပညာသင်ကြားရာတွင် သွားလာရခက်ခဲခြင်းတို့ ဖြစ်နေပါသည်။	
စီမံချက်ရည်ရွယ်ချက် (လက်ရှိအခြေအနေအား ပိုကောင်းအောင် ဆောင်ရွက်လိုသည့်ဆန္ဒ ဖော်ပြရန်) - ရေများ စနစ်တကျစီးဆင်းစေရန် - တစ်နှစ်ပတ်လုံးသွားလာရလွယ်ကူချောမွေ့လာစေရန် - စိုက်ပျိုးသီးနှံများ ဈေးကွက်သို့ အလွယ်တကူတင်ပို့ရောင်းချနိုင်စေရန် - ကျောင်းသား/ကျောင်းသူများ ပညာသင်ကြားရာတွင် အခက်အခဲမရှိ ပညာသင်ကြားနိုင်စေရန်	

မျှော်မှန်း အကျိုးရလဒ် (လက်ငင်းရည်ရွယ်ချက် ရောက်ရှိပြီးနောက် ထပ်ဆင့်ရရှိလာမည့် အကျိုးကျေးဇူးများ) - လမ်းပန်းဆက်သွယ်ရေးကောင်း ၂ း ရဟန်းရှင်ပြည်သူများသွားလာရာတွင် ဘေးအန္တရာယ်ကင်းရှင်းစွာသွားလာနိုင်ခြင်းဖြင့် ကျေးရွာလူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါသည်။
စီမံချက်ဆိုင်ရာ အချက်အလက်ဖော်ပြခြင်း (ဘာလုပ်မည်၊ ဘယ်လောက်ပမာဏ လုပ်ရမည်) - ကျောက်ကြီးစီရေဆိုးထုတ်မြောင်းပြုလုပ်ခြင်း (၁၃၅၀'x ၅'x ၂'-၉") လုပ်ငန်း ဆောင်ရွက် ပါမည်။ ခန့်မှန်းကုန်ကျငွေ ကျပ် (၂၂၄၈၀၀၀၀)
ကုန်ကျစရိတ်ထည့်ဝင်မှု

ခန့်မှန်းကုန်ကျစရိတ် (ကျပ်)	ထည့်ဝင်မည့်အစီအစဉ်
• ၁၀၀၀၀၀၀၀ (ငွေသား) • ၁၂၄၈၀၀၀၀ (ငွေသား) • xxxxxxxxxx (ပစ္စည်း/လုပ်အား)	• ကျေးလက်ဦးစီး • ကျေးရွာ • ကျေးရွာ

ကျွန်းရွာသစ်ကျေးရွာအုပ်စု၊ ကျွန်းရွာသစ်ကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	ကျေးရွာအုပ်စု	ကျေးရွာအမည်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	ပညာအရည်အချင်း	တာဝန်	ဖုန်းနံပါတ်
၁	ကျွန်းရွာသစ်	ကျွန်းရွာသစ်	ဦးသိန်းဆွေ	ဦးကျန်	၅/မရန(နိုင်) ၁၆၅၂၃၀	၃၉	B.A	ဥက္ကဋ္ဌ	09-796437155
၂	ကျွန်းရွာသစ်	ကျွန်းရွာသစ်	ဒေါ်ခင်ဇာလီမော်	ဦးကျော်ဌေး	၅/မရန(နိုင်) ၁၅၂၂၃၃	၃၅	B.E	အတွင်းရေးမှူး	09-25620004
၃	ကျွန်းရွာသစ်	ကျွန်းရွာသစ်	ဒေါ်မေစိုးသူ	ဦးညွှန့်တင်	၅/မရန(နိုင်) ၁၇၇၅၁၅	၃၀	၁၀ တန်း	စာရင်းကိုင်	09-490432803
၄	ကျွန်းရွာသစ်	ကျွန်းရွာသစ်	ဦးခင်မောင်ဝင်း	ဦးကျော်သန်း	၅/မရန(နိုင်) ၁၉၅၀၅၃	၄၉	၁၀ တန်း	ဘဏ္ဍာရေးမှူး	09-798556915
၅	ကျွန်းရွာသစ်	ကျွန်းရွာသစ်	ဦးကျော်ရဲထွေး	ဦးသာချော	၅/မရန(နိုင်) ၂၁၃၆၀၁	၃၀	၁၀ တန်း	သေ့ကိုင်(၁)	09-422096496
၆	ကျွန်းရွာသစ်	ကျွန်းရွာသစ်	ဦးပေါသန်း	ဦးကောင်းမြတ်	၅/မရန(နိုင်) ၀၉၅၀၅၄	၅၃	၈ တန်း	သေ့ကိုင်(၂)	
၇	ကျွန်းရွာသစ်	ကျွန်းရွာသစ်	ဒေါ်စုမွန်အေး	ဦးသောင်းဌေး	၅/မရန(နိုင်) ၂၄၉၃၄၃	၂၂	၅တန်း	အဖွဲ့ဝင်	09-833203985

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၄	၆	၂၀
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၂၀	၂၄	၄၄
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၃	၂၈	၇၁
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၃၃	၄၅	၇၈
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၃၅၇	၄၂၀	၇၇၇
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၃၆	၄၈	၈၄
စုစုပေါင်း		၅၀၃	၅၇၁	၁၀၇၄
စုစုပေါင်း အိမ်ထောင်စု				၂၂၂

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။လေ့လာတွေ့ရှိချက် - ကျေးရွာတွင် မိန်းကလေးဦးရေသည် ယောကျ်ားလေးဦးရေထက် များနေပါသည်။ တစ်အိမ်ထောင်စုပျမ်းမျှလူဦးရေနှုန်းမှာ (၅) ဦးခန့် ရှိပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အိမ်ထောင်စု	မိသားစုဝင်လုပ်အား	အိမ်ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃၀	၂၇၉	၈၄	မြင့် □ လတ် □ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၃၆	၄၁	၁၂	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် □□□□လတ် □□□□နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □□□□လတ် □□□□နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၂	၀	မြင့် □ လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၃၅	၆၂	၁၂	မြင့် လတ် နိမ့်
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၁	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၇	၁၀	၈	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၁	၀	မြင့် □ လတ် □ နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၂	၂	၂	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက်	၆	၉	၁	

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	အလုပ်သမား				
၂	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
၁	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း				☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအဓိကလုပ်ကိုင်ကြပါသည်။ မွေးမြူရေး လုပ်ကိုင်သူ (၁)ဦးသာရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်နှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခန့်နှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၆၀၀၀	၃၀၀၀	၆၀၀၀	၃၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၀	၀	၀	၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၇၀၀၀	၄၀၀၀	၄၅၀၀	၃၀၀၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၀	၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၃၀၀၀	၀	၃၀၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) **လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)**

(၂) **နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)**

လေ့လာတွေ့ရှိချက်။ ။ နေ့စားဝန်ထမ်းများတွင် ပုတ်ပြတ်နှင့်နေ့တွက်ပေါ်မူတည်၍ လုပ်အားခများ ရရှိကြပါသည်။ သို့သော် ကျားနှင့် မတို့တွင် လုပ်အားခရရှိမှုမှာ ကွာဟလျက်ရှိပါသည်။

(၈) သဘာဝရင်းမြစ်များ

(၈-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဧယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	**ဧရိယာ (ဧက)**	**မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)**
လယ်မြေ	၅.၈	ကောင်း ☐ သင့် ☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၂၂၀.၃၄	ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ	၃.၉၅	ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း / ကျွန်းမြေ	၁၈၂.၆၈	ကောင်း ☐ သင့် ☐ ညံ့ ☐
ဓနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	၄၁၂.၇၇	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ကျေးရွာရှိစိုက်ပျိုးမြေများသည် အသင့်အတင့် မြေစိသြဇာကောင်းပါသည်။ ကိုင်းကျွန်းမြေပေါများပါသည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ□□□□ သင့် □□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ□□□□ သင့် □□ နည်း□□ မရှိ□□	လွယ်□□ ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ□□□□ သင့်□□□□ နည်း□□ မရှိ□□	လွယ်□□□□□□□ခက် □ အသုံးမပြုနိုင်ပါ □
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ□□□□ သင့် □□ နည်း□□ မရှိ□□	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ကိုင်းကျွန်းမြေများရှိသောကြောင့် နွားစာများပေါများပါသည် ။ အခြားသယံဇာတ ထွက်ရှိသော နေရာများ မရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၁၅	၅၅	၁၄၄	၈

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အဆင်ပြေသောအိမ်ထောင်စု(၇%)၊ အလယ်အလတ်ရှိသော အိမ်ထောင်စု(၂၅%)၊ မပြေလည်သောအိမ်ထောင်စု(၆၅%)နှင့် အလွန်ဆင်းရဲသောအိမ်ထောင်စု (၃%)ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံသောကြောင့် အခြားအစားအစာများ စားခြင်းနှင့် အစားလျော့စားခြင်းများ မရှိပါ။

(ဇ-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၀	၀	၀
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု			၀
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု			၀
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု			၃

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ဝင်ငွေနှင့် ဝမ်းစာဖူလုံမှုအတွက် အခြားသို့ ပြောင်းရွှေ့နေထိုင်သည့်အိမ်ထောင်စု (၃)စုရှိပါသည်။

(ဇ-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	**ထိခိုက်လွယ်မှု** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၃	ရေကြီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၄	မိုးခေါင်ခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၅	အအေးလွန်ကဲခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၆	မုန်တိုင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၇	ငလျင်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၈	မီးဘေး	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၉	ဆားငန်ရေဝင်မြေ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၁	သစ်တောပြုန်းတီးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၂	၄က်ဖျားရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၃	တီဘီရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၇	လူကုန်ကူးခြင်း	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့်□□□□□□□□လတ်□□□□□□□□နိမ့်□□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာသည် ချင်းတွင်းမြစ်အနီးနားတွင်တည်ရှိသောကြောင့် ၄ နှစ်တစ်ကြိမ် မြစ်ရေတက်ချိန်တွင် ကျေးရွာထဲတွင် ရေများဝင်ရောက်ပါသည်။ ကျေးရွာသည် ကျွန်းမြေနိမ့်ပိုင်းတွင် တည်ရှိပါသည်။ရေတစ်ခါဝင်လျှင် နှစ်လလောက် ကြာမြင့်ပါသည်။ ရေဝင် ချိန်တွင် ကျေးရွာထဲရှိလူများ အလုပ်မလုပ်ကြပါ။ ကျေးရွာရှိစာသင်ကျောင်း ပိတ်ထားရပါသည်။ အိမ်အမြင့်တစ်နေရာတွင် နေထိုင်ကြပါသည်။ ကျေးရွာလူထုအနေဖြင့် ၄င်းရေဝင်ခြင်းကိစ္စအား ဖြေရှင်းမည့်နည်းလမ်းများ မရှိကြပါ။' ဖြစ်နေကြပါပဲ ကိုယ်တစ်ဦးတစ်ယောက်အိမ်ထဲတွင်သာ ရေဝင်တာမဟုတ်ပဲ တစ်ရွာလုံးအိမ်တိုင်းရေဝင်သောကြောင့် ' ကျေးရွာနှင့်ကျေးရွာလူထုအတွက် အခက်အခဲ မဟုတ်ဟု ယူဆထားကြပါသည်။

(၄-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၉	ငါးကန်ပိုင်ရှင်များ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၁	လူနည်းစုလူမျိုးများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၄	ရွှေတွင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၅	ဆေးစွဲသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၈	နေရပ်ပြန် အခြေချသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့်□□□□□□□လတ်□□□□□□□နိမ့်□□□□□□□မရှိ□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ ကျွန်းရွာသစ်ကျေးရွာအနီးတွင် ချင်းတွင်းမြစ် မြစ်လက်တက်ချောင်းမှ ရေကြီးလျှင် ကျေးရွာထဲသို့ ရေဝင်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း	အမျိုးအစား	အဖွဲ့ဝင်ဦးရေ	လုပ်ငန်းတာဝန်	စွမ်းဆောင်နို

	အမည်	(မှန်ရာတစ်ခုကိုသာ ရွေးရန်)	**ကျား**	**မ**	**ပေါင်း**	(အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	**ဌာန** (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	အမျိုးသား အဖွဲ့	၁ ☐ ၂ ☐ ၃ ☐	၅၀	၀	၅၀	ပညာရေး☐☐ ငွေကြေး☐☐ ကျန်းမာရေး☐☐ ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၂	အမျိုးသမီး အဖွဲ့	၁ ☐ ၂ ☐ ၃ ☐	-	၂၅	၂၅	ပညာရေး☐☐ ငွေကြေး☐☐ ကျန်းမာရေး☐☐ ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐ လုံခြုံရေးနှင့် ကာကွယ်ရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐
၃	မီးသတ်	၁ ☐ ၂ ☐ ၃ ☐	၂၅	-	၂၅	ပညာရေး☐☐☐ငွေကြေး☐☐ ကျန်းမာရေး☐☐☐ဘာသာရေး☐☐☐ စိုက်ပျိုးမွေးမြူရေး☐☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး☐☐	ကောင်း☐☐ သင့်☐☐ ညံ့☐☐

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
						လုံခြုံရေးနှင့် ကာကွယ်ရေး□□	
၄	ကြက်ခြေနီအဖွဲ့	၁ □ ၂ □ ၃ □	၁၀	၄	၁၄	ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး□□□ စိုက်ပျိုးမွေးမြူရေး□□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □□လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□ ညံ့□□
၅	ဂေါပကအဖွဲ့	၁ □ ၂ □ ၃ □	၅	၀	၅	ပညာရေး□□□ငွေကြေး□□ ကျန်းမာရေး□□□ဘာသာရေး□□□ စိုက်ပျိုးမွေးမြူရေး□□ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး□□ လုံခြုံရေးနှင့် ကာကွယ်ရေး□□	ကောင်း□□ သင့်□□ ညံ့□□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် လူမှုရေးအဖွဲ့များသည် ရပ်ရေးရွာရေးတွင် ပါဝင်လုပ်ဆောင်မှုအားကောင်းကြပါသည်။ စီးပွားရေးနှင့်ပတ်သက်သော အဖွဲ့အစည်းများ မရှိပါ။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

